# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၇၈)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၁ ရက် ၊ ၁၆–၂–၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# ပညာပေးမှုများ၊ သုတေသနပြုမှုများ အမြဲဆောင်ရွက်သွားကြရန်လို
# စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး စွမ်းရည်ရှိသည့်တပ်မတော်သားများလိုအပ်

## တပ်မတော်သားများအားလုံး နိုင်ငံတော်နှင့် တပ်မတော်၏အကျိုးကို တတ်နိုင်သမျှ အကောင်းဆုံးထမ်းဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနလ်ာနေ့။

# မက္ကာဒေးမီးယားသီးနှံသည် သက်တမ်းရှည်အကျိုးခံစားခွင့်ရှိသော သီးနှံတစ်မျိုးအဖြစ် ရပ်တည်လာတော့မည်

မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးမှုနှင့် နိုင်ငံတကာဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်လာမည့် နှစ်ရှည်ပင်အမျိုးအစားတွင် ပါဝင်သည့် မက္ကာဒေးမီးယား (Macadamia) သီးနှံတစ်မျိုးသည် ယခုလက်ရှိတွင် အိမ်နီးချင်းနိုင်ငံကြီးတစ်ခု၏ ဝယ်လိုအား ကမ်းလှမ်းလာမှုများကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ဝင်ငွေအကျိုးအမြတ် ပိုမိုရရှိလာတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ သိရသည်။

မက္ကာဒေးမီးယားသီးနှံသည် အခွံမာသီးနှံတစ်မျိုးဖြစ်သည်။ နှစ်ပေါင်းရာချီသက်တမ်းရှိသော နှစ်ရှည်ပင်တစ်မျိုးဖြစ်ရာ(နှစ် ၆၀ မှ နှစ် ၁၀၀ အထိ)ရှိနိုင်ပြီး ကျန်းမာရေးအတွက် အလွန်အကျိုးပြုသော အာဟာရဓာတ်မျိုးစုံပါဝင်သည့်အပြင် လူသားအကျိုးပြု ပါဝင်မှုသည် အခြားသီးနှံများထက် ပိုမိုသည့်အတွက် ကမ္ဘာ့အကောင်းဆုံးအစေ့အဆန်(Nut)အဖြစ် ကမ္ဘာကျော်သော သီးနှံဖြစ်လာသည်။

ရှမ်းပြည်နယ်၊ နောင်ချိုဒေသတွင် ဧက ၅၀၀၀ မက္ကာဒေးမီးယားစီမံကိန်းရုံးကိုဖွင့်လှစ်ခဲ့သည်။ ထိုမှတစ်ဆင့်မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးသင့်သော နေရာဒေသများသို့ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးဧကများစွာ တိုးတက်လာခဲ့ပြီဖြစ်သည်။ အထူးသဖြင့် ရှမ်းပြည်နယ်တွင် ၁၀ ဧက နှင့်အထက်စိုက်ပျိုးသူ ၃၄၁ ဦးရှိပြီး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ကောင်းများဖြင့် အသုံးပြုစိုက်ပျိုးလာကြကာ (G.A.P) လက်မှတ်ရရှိပြီးသူ ၆၇ ဦးအထိ ရှိလာသည့်အတွက် အနာဂတ်ကာလတွင် နိုင်ငံ့ဝင်ငွေ ပိုမိုရှာဖွေပေးနိုင်သော အဓိကသီးနှံတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်သည်။

မက္ကာဒေးမီးယားသီးနှံက လူသိနည်းသော်လည်းဝင်ငွေကောင်းပြီး ကျန်းမာရေးအတွက် အကျိုးပြုသည့် အမယ်သစ်သီးနှံအဖြစ် ရေမြေနှင့်ကိုက်ညီသည့် ဒေသတွေမှာ တိုးချဲ့စိုက်ပျိုးလာနိုင်ဖို့အတွက်ဖြစ်သည်။ အဆိုပါသီးနှံနှင့် ပတ်သက်ပြီး ဒေသတွင်းရှိ ခြံငယ်ပိုင်ရှင်များကို စိုက်ပျိုးထုတ်လုပ်မှုနှင့်နည်းပညာ အခက်အခဲတွေရှိရင် နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးမှာဖြစ်သည်။

နည်းပညာဖွံ့ဖြိုးတိုးတက်လာစေဖို့နှင့် ကုန်ကြမ်းအဖြစ် ထုတ်လုပ်ရောင်းချနေခြင်းကနေ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်းစားသုံးမှုအပြင် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေဖို့ဆိုသည့် ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မက္ကာဒေးမီးယားသီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုလည်း ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ နှစ်ရှည်သီးနှံဌာနခွဲအောက်ရှိ ရှမ်းပြည်နယ် မက္ကာဒေးမီးယားခြံများ တာဝန်ခံပညာရှင် ဦးစီးအရာရှိ ဦးတင်နိုင်ထွန်းက ပြောသည်။

မက္ကာဒေးမီးယားသီးနှံ၏ မူရင်းဒေသမှာ ဩစတြေးလျ (Australia) နိုင်ငံ (Queensland) ဒေသနှင့် (New-south wales) ကမ်းရိုးတန်းဒေသတို့မှဖြစ်သည်။ အဆိုပါသီးနှံကို ကိုင်းဆက်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက အပင်သက်တမ်းငါးနှစ်ပြည့်လျှင် စီးပွားဖြစ်ခူးဆွတ်နိုင်မည်ဖြစ်ပြီး အစေ့စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပါက အပင်သက်တမ်း ခုနစ်နှစ်၊ ရှစ်နှစ်တွင် စီးပွားဖြစ် စတင်ခူးဆွတ်နိုင်မည်ဖြစ်သည်။

မက္ကာဒေးမီးယားသီးနှံသည် သက်တမ်းရှည်အကျိုးခံစားခွင့်ရှိသော သီးနှံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးခံစားခွင့် ပိုမိုမြန်ဆန်စေပြီး ပြည်ပဝင်ငွေများရရှိနိုင်သော ပြည်ပပို့ကုန်သီးနှံဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံစိုက်ပျိုးထုတ်လုပ်လိုသူ တောင်သူများအနေဖြင့် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)နှစ်ရှည်သီးနှံဌာနခွဲထံ ဆွေးနွေးမေးမြန်းနိုင်ကြောင်း ရေးသားလိုက်ရပေသည်။

# စုပေါင်းဈေးရောင်းပွဲတော် ကျင်းပမည်



**ပခုက္ကူ ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးကိုယ်တိုင်တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေဟောင်းသမိုင်းဝင် သီဟိုဠ်ရှင် မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးမှု အထိမ်းအမှတ်အောင်ပွဲနှင့် ဘုရားအနေကဇာတင်ဗုဒ္ဓပူဇနီယပွဲတော်အဖြစ်ဇာတ်အလှ သဘင်ဖျော်ဖြေရေး အစီအစဉ်များ အပါအဝင် စုပေါင်းဈေး ရောင်းပွဲတော်ကို ၁၂ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

"ပခုက္ကူမြို့ သီဟိုဠ်ရှင် မြတ်စွာဘုရား စေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း လုပ်ငန်းကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်မှစတင်ပြီး ငြမ်းလုပ်ငန်း၊ ပြဒါးခံသစ်ဆေးသုတ်လုပ်ငန်းနှင့်ရွှေဆိုင်းချခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း စသည်ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ လုပ်ငန်းများ အရည်အသွေးပြည့်မီကောင်းမွန်စေရေးနှင့် ရာနှုန်းပြည့်ပြီးစီးနိုင်ရေးအတွက် ပခုက္ကူမြို့ရှိ ထေရ်ကြီးဝါကြီး ဆရာတော်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ဘုရားကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်ပြည်သူများစုပေါင်း၍ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ပထမပတ်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ အရံစေတီ ၃၆ ဆူတို့ကို ရွှေထီးတော်နှင့် စိန်ဖူးတော်တင်လှူခြင်းကိုလည်း ဖေဖော်ဝါရီ ၈ ရက်မှ စတင်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှု အထိမ်းအမှတ်အောင်ပွဲနှင့် ဘုရားအနေကဇာတင်ဗုဒ္ဓပူဇနီယပွဲတော်အဖြစ် မတ် ၂၇ ရက်မှ ဧပြီ ၇ ရက်အထိ အညာဒေသထွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်ဒီဇိုင်းမျိုးစုံ၊ ကလေးကစားစရာပစ္စည်းမျိုးစုံ၊ တောင်သူလယ်သမားသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်း အရောင်းဆိုင်များနှင့် မုန့်ဆိုင်တန်းများပါဝင်သော ရပ်နီး၊ရပ်ဝေးမှ ဈေးသည်များနှင့် ဒေသခံဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော် ကျင်းပမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း မန္တလေးမြို့မှ အားသစ်မာန်နှင့် ကောင်းစစ်ဟိန်းဇာတ်အလှ သဘင်ဖျော်ဖြေရေး အစီအစဉ်များ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားကြီးဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးလှဖုန်းထံမှ သိရသည်။

(၃၄၀)

# ကျောက်ဆည်မြို့နယ်၌ ရေရရှိရေးနည်းလမ်းဖြင့် နွေသီးနှံမျိုးစုံ ၅၂၇၁၅ ဧက စိုက်ပျိုးရန် လျာထား

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ရေရရှိရေး နည်းလမ်းဖြင့် နွေသီးနှံမျိုးစုံ ၅၂၇၁၅ ဧက စိုက်ပျိုးသွားရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေနှမ်းသီးနှံမျိုးစုံစိုက်ပျိုးရာတွင် ဇော်ဂျီဆည်ရေဖြင့် နွေစပါး ၄၇၀၉ ဧက၊ နွေနှမ်း ၃၁၀၃၇ ဧက၊ မိုးကြိုပဲတီစိမ်း ၂၇၆၇ ဧက၊ အခြားသီးနှံစုံ ၁၈၁ ဧက၊ ကင်းတားဆည်ရေဖြင့် နွေစပါး ၂၂၃ ဧက၊ နွေနှမ်း ၁၃၁၂၉ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၁၀၀၊ မိုးကြိုပဲတီစိမ်း ၅၂၉ ဧက၊ သစ်တက္ကုန်းဆည်ရေဖြင့် နွေနှမ်း ဧက ၄၀ စုစုပေါင်း ၅၂၇၁၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။

ကျောက်ဆည်မြို့နယ်၌ နွေနှမ်းသီးနှံများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းပြီး သီးနှံအမျိုးအစားအလိုက် နည်းပညာများကို စနစ်တကျပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ လုံလောက်စွာ အလှည့်ကျစနစ်ဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၁၆၊ ၁၇ ရက်များတွင် တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်များအဖြစ် သက်သာဈေးရောင်းချခြင်းကို ရပ်နားထားပြီး ဖေဖော်ဝါရီ ၁၈ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ စည်ပင်ဝန်ထမ်းအိမ်ရာအနီးနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈(A) လမ်း၊ ၄၅လမ်းနှင့် ၄၆လမ်းကြား၊ လမ်းလျှောက်ကစားကွင်းတို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက် လေးစုဓမ္မာရုံ၊ အ·ထ·က(၁) အနောက်ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

**တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင်အကြမ်းဖက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများ လျော့ပါးသွားခဲ့သော်လည်း လက်နက်ကိုင် ပဋိပက္ခများကြောင့် နှစ်နှစ်တာကာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ခဲ့မှုမရှိကြောင်း။

အလားတူ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းနှင့် မန္တလေးငလျင်ကြီး စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် နယ်မြေဒေသအလိုက် တပ်မတော်အရာရှိကြီးများကို သီးခြားတာဝန်များ ပေးအပ်ပြီး ဆောင်ရွက်ခဲ့ရာ ၆ လခန့်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တိုင်းပြည်အခြေအနေ တိုးတက်လာသည်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ ရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲပြီး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများ မှန်ကန်စွာရရှိစေရေးအတွက်လည်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း မဲမသမာမှုများကို လုပ်ဆောင်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)များကို အသုံးပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် ပြည်သူလူထုနှင့် ထိတွေ့မှုအများဆုံးရှိပြီး ပြည်သူလူထုက ယုံကြည်အားကိုးသည့် ပါတီများ အနိုင်ရရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

**စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော် ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်**

တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများမည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနေရသည်ကို သမိုင်းကြောင်း အထောက်အထားများအရသိရှိနိုင်ကြောင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ထိန်းသိမ်းဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ဖြစ်သော်လည်း လိုအပ်ချက်အရ တပ်မတော်မှပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ စစ်မြေပြင်တွင် အဆင့်မြင့်နည်းပညာများကို အသုံးချလာကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့တွင် ခေတ်နှင့်အညီ နည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့သည် ညီနောင်တပ်ဖွဲ့များအဖြစ် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုက်စွမ်းအားနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ယှဉ်နိုင်သည့် တပ်မတော်ဖြစ်စေရေး တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ရှိ ရေယာဉ်၊ လေယာဉ်များအား အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဖြည့်တင်းဆောင်ရွက်ခြင်းနှင့် တပ်မတော်(ကြည်း)အတွက် လိုအပ်သည့် ယာဉ်ယန္တရားများ၊ လက်နက် အသုံးအဆောင်ပစ္စည်းများ၊ ခေတ်နှင့် လျော်ညီသည့် စစ်ဘက်နည်းပညာများအား အဆင့်မြှင့်တင်ဖြည့်ဆည်းခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်မှဖြည့်ဆည်းပေးထားသော တိုက်စွမ်းအားနှင့် ခေတ်မီ လက်နက်နည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် အမြဲလေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်း၊ အလားတူ မိမိတို့အသုံးပြုရသည့် စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးချနိုင်ရေး အမြဲလေ့ကျင့်နေကြရန်လိုကြောင်း၊ ခေတ်သစ်စစ်နည်းဗျူဟာများကို အမြဲလေ့လာပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စစ်နည်းဗျူဟာများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် ဖြစ်ပျက်ပြောင်းလဲနေသည့် အခြေအနေများအလိုက် တပ်မတော်အနေဖြင့် ပြောင်းလဲမှုများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာပေးမှုများ၊ သုတေသနပြုမှုများကို အမြဲဆောင်ရွက်သွားကြရန်လိုကြောင်း၊ **စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး စွမ်းရည်ရှိသည့် တပ်မတော်သားများ လိုအပ်သဖြင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။**

**နိုင်ငံ့စီးပွားတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး ထက်ဝက်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြပြီး အဆိုပါလူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ ထို့ကြောင့် ကျေးလက်ကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရေး မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပညာတတ်လူသားအရင်းအမြစ်များလိုအပ်ခြင်းကြောင့် တစ်နိုင်ငံလုံး၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို တစ်နိုင်ငံလုံးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်မှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အားလုံးက အမှန်တကယ် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကို အပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဟုမ္မလင်းတပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

> ❖ **စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ တိုက်စွမ်းအားနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ယှဉ်နိုင်သည့် တပ်မတော်ဖြစ်စေရေး တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ရှိ ရေယာဉ်၊ လေယာဉ်များအား အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဖြည့်တင်းဆောင်ရွက်ခြင်းနှင့် တပ်မတော်(ကြည်း)အတွက် လိုအပ်သည့် ယာဉ်ယန္တရားများ၊ လက်နက် အသုံးအဆောင်ပစ္စည်းများ၊ ခေတ်နှင့်လျော်ညီသည့် စစ်ဘက်နည်းပညာများအား အဆင့်မြှင့်တင်ဖြည့်ဆည်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိ**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝရန်လိုအပ်သဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

## ဟုမ္မလင်းဒေသတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဟုမ္မလင်း မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက်လိုအပ်ချက် များအား အသီးသီးဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးဆိုင်ရာ အချက် အလက်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင် ရွက်လျက်ရှိမှု၊ ကုန်စည်စီးဆင်းမှု အဆင် ပြေချောမွေ့စေရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှု၊ မန္တလေး ငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက် ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင် ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လည်းကောင်း၊ ဟုမ္မလင်းခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းက ဟုမ္မလင်းခရိုင်၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာအချက်အလက် များနှင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန် မှာကြားချက်များနှင့်အညီ ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအား အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်း များ ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့မှု တို့နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့မိမြို့ဖများက ဟုမ္မလင်း မြို့နယ်အား မြို့နယ်အဆင့်မှ ခရိုင်အဆင့် အထိတိုးမြှင့်ပေးခဲ့သည့်အတွက် ဒေသခံ ပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်ရှိ လျက်ရှိမှု၊ ဒေသအတွက်လိုအပ်လျက်ရှိ သည့် လူငယ်သင်တန်းကျောင်းနှင့်အိမ်တွင်း မှု သင်တန်းကျောင်းအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးစေ လိုမှု၊ လမ်းပန်းဆက်သွယ်ရေးအခက် အခဲများရှိသည့်အတွက် လေကြောင်း လိုင်းများ တိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ သောက်သုံးရေလုံလောက်စွာရရှိရေး စီမံ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက် ဖြစ်သည့် လျှပ်စစ်စွမ်းအားလုံလောက်စွာ ရရှိရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသ တွင်းဆောင်ရွက်လျက်ရှိသည့် ရေအား လျှပ်စစ်စီမံကိန်းလုပ်ငန်းများ အမြန်ဆုံး ပြီးစီးမှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အား ယခုထက်ပိုမိုထိန်းသိမ်းဆောင်ရွက် ပေးစေလိုမှု၊ ဟုမ္မလင်းကောလိပ်အား တက္ကသိုလ်အဆင့်တိုးမြှင့်ပေးစေလိုမှုနှင့် အခြားဒေသဆိုင်ရာ လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

**တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယ ဝန်ကြီးများက ဟုမ္မလင်းဒေသသို့ နိုင်ငံ တော်ပိုင်နှင့် ပုဂ္ဂလိကပိုင်လေကြောင်းလိုင်း များ နေ့အလိုက် ပုံမှန်ပြေးဆွဲဆောင်ရွက် လျက်ရှိမှုနှင့် ခရီးသည်တင်လေကြောင်း လိုင်းများအပြင်ဒေသစားရေးအဆင်ပြေ စေရေးအတွက် ကုန်စည်တင်လေကြောင်း လိုင်းများကိုလည်းပြေးဆွဲဆောင်ရွက်ပေး လျက်ရှိမှု၊ လေကြောင်းလက်မှတ်များ အခက်အခဲမရှိစေရေးနှင့် ပုံမှန်ဈေးနှုန်း ထက် ဈေးမြှင့်တင်ရောင်းချနေသူများအား ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိမှု၊ ဟုမ္မလင်းမြို့ သောက်သုံးရေလုံလောက် စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်း များ ဆောင်ရွက်ဖြေရှင်းနိုင်ရေး ကွင်းဆင်း ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းလျှပ်စစ် ဓာတ်အားဖူလုံစွာပေးဝေနိုင်ရေးအတွက် နမ့်ပင ရေအားလျှပ်စစ်စီမံကိန်းအား ၂၀၂၇ ခုနှစ်တွင် ပြီးစီးနိုင်ရေးဆောင်ရွက် လျက်ရှိမှု၊ ဟုမ္မလင်းဒေသ၏ မြေမျက်နှာ သွင်ပြင်အနေအထားအရ မြေနိမ့်ကော်ဖီ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနိုင်သည် ဖြစ်သဖြင့် စိုက်ပျိုးဆောင်ရွက်သွားရန် တိုက်တွန်းလိုမှုနှင့် လိုအပ်သည့်မျိုးများ နှင့် သွင်းအားစုများကို သက်ဆိုင်ရာဝန်ကြီး ဌာနများသို့ ဆက်သွယ်ဆွေးနွေးနိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် လိုအပ်သည့်အကူအညီများကို သက်ဆိုင် ရာဝန်ကြီးဌာနများသို့ ဆွေးနွေးညှိနှိုင်း အကူအညီတောင်းခံနိုင်မှု၊ ဟုမ္မလင်း ဒေသအတွင်း မြေလွတ်မြေရိုင်းအသုံးချ မှုများနှင့်ပတ်သက်၍ နိုင်ငံတော်ကချမှတ် ပေးထားသည့် ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ တင်ပြတောင်းခံဆောင်ရွက် သွားရန်လိုအပ်မှုနှင့် အခြားနည်းဖြင့် သုံးစွဲမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြ ရန် လိုအပ်မှု၊ ဟုမ္မလင်းခရိုင်၏ သစ်တော ဖုံးလွှမ်းမှုအား လေ့လာချက်များအရ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက် သွားနိုင်မှုနှင့် ဝါးမျိုးစုံနှင့် ကြိမ်ထွက်ရှိ သည့်ဒေသဖြစ်သဖြင့် ဝါးနှင့်ဝါးအခြေခံ အဆင့်မြင့်ထုတ်ကုန်များ၊ ကြိမ်ကုန်ချော ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင် ခြင်းဖြင့် ဒေသနှင့်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက် ရေးကို ဖော်ဆောင်နိုင်မှု၊ ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောကို ယခုထက်ပိုမို ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်း စစ်ဆေးခြင်းနှင့် အခြားလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီမံ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော် မီးခိုး မြူငွေ့လျော့ကျရေးနှင့် လေထုညစ်ညမ်း မှုလျော့ကျရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက် သွားရန်လိုအပ်မှု၊ ဟုမ္မလင်း–ကတ်သာ– မိုဝိုင်းလွတ် ဆက်သွယ်ရေးလမ်းကြောင်း အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိမှု၊ ဟုမ္မလင်း–ကတ်သာ ဆက်သွယ်ထား သည့်တံတားကို ဒေသခံပြည်သူများက လည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြ ရန်လိုအပ်မှု၊ စာမျက်နှာ ၅ သို့

»»» စာမျက်နှာ ၃ မှ

**နိုင်ငံတော်နှင့်တပ်မတော်၏အကျိုးကို တတ်နိုင်သမျှ အကောင်းဆုံးထမ်းဆောင်**

တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦး ချင်းထမ်းဆောင်ရသည့် တာဝန်များအလိုက် ကျေပွန် စွာထမ်းဆောင်ကြရန်လိုကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သား များအားလုံးအနေဖြင့်လည်း မိမိတို့ကိုပေးအပ်ထား သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်း အားဖြင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ် တာဝန် ကျေပွန်ရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်ရမည့် တာဝန်များကို ကောင်းမွန်ကျေပွန်စွာ ထမ်းဆောင်ခြင်း အားဖြင့် တပ်မတော်၏အရည်အသွေး၊ တပ်မတော် ၏ အဆင့်အတန်းကို ထိန်းသိမ်းဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ၏ဘဝ တိုးတက်စေရေးအတွက်လည်း ပညာရေးအားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အားထားရသော လူသားအရင်းအမြစ်များဖြစ်စေရေး အထိ မျှော်မှန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့သားသမီးများ၏ ဘဝအတွက်သာမက နိုင်ငံတော်၏အကျိုးအတွက်ပါ ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ **တပ်မတော် သားများအားလုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော် ၏အကျိုးကိုတတ်နိုင်သမျှအကောင်းဆုံးထမ်းဆောင် သွားကြရန်နှင့်** နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ကို အင်ပြည့်အားပြည့် ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစု များအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လည်းကောင်း လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစု များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၄ မှ

ဟုမ္မလင်းခရိုင်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမ အသင်းအဖွဲ့များဖွဲ့စည်း၍ လိုအပ်သည့် ထောက်ပံ့ကြေးနှင့် ရင်းနှီးမတည်ငွေများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာပေးဝေနိုင်ရေးအတွက် နမ့်ပင ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ ဓာတ်အားလိုင်း သွယ်တန်းရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံထည့်သွင်း တည်ဆောက်ရေး လုပ်ငန်းများအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိမှု ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများအား ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြား**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ဟုမ္မလင်းဒေသအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဆောင်ရွက်သွားရန် လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း၊ ဥပမာ တစ်ခုအနေဖြင့် ပညာရေးပိုင်းနှင့် ပတ်သက်၍ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းနေဆဲဖြစ်ပြီး ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန် လိုကြောင်း၊ အတန်းပညာတတ်မြောက်မှု အားနည်းပါက အသိပညာပိုင်း၌လည်း အားနည်းချက်များ ရှိနေဦးမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရာ၌ နှောင့်နှေးနေဦးမည်ဖြစ်ကြောင်း၊ အသိပညာအတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်များ ရှိမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကောင်အထည် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသနှင့်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိပညာအတတ်ပညာ ကြွယ်ဝသည့်လူသားအရင်းအမြစ်များ များစွာရရှိခြင်းအားဖြင့် ဒေသနှင့် နိုင်ငံ၏အနာဂတ်ကောင်းကို ဖော်ဆောင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသောနည်းလမ်းလေးသွယ်ဖြင့် ပြည့်စုံပါက အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာနည်းလမ်းများအစား စနစ်ကျနသည့် ခေတ်မီနည်းစနစ်များ အသုံးချဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများ တိုးမြင့်လာမည်ဖြစ်ကြောင်း၊ စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ဒေသန္တရစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းထက် ခေတ်မီသည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ဒေသန္တရ ကြက်၊ ဝက်၊ နွားများကို မိရိုးဖလာနည်းဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူသွားမည်ဆိုပါက ဒေသ၏စားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ စားသောက်ရေးအတွက် အသား၊ ငါးများ၊ သောက်သုံးရေများနှင့် ရိက္ခာများကို ဖူလုံစွာရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဟုမ္မလင်းဒေသတွင် ဆန်ဖူလုံမှုရှိကြောင်း၊ အရည်အသွေးကောင်းသည့် စပါးများစိုက်ပျိုးရန်လိုကြောင်း၊ ရေလိုအပ်ချက်နှင့်ပတ်သက်၍ ချင်းတွင်းမြစ်နှင့်ချောင်းမြောင်းများ ပေါများစွာတည်ရှိသဖြင့် အဆိုပါမြစ်ချောင်းများမှ ရေများကို အကျိုးရှိစွာအသုံးချ၍ စိုက်ပျိုးရေနှင့် သောက်သုံးရေများ လုံလောက်စွာရရှိအောင် ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ အသုံးချနိုင်ရန်အတွက် အတတ်ပညာများ လိုအပ်ကြောင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။

အလားတူ ဒေသတွင်းလျှပ်စစ်ဓာတ်အား ဖူလုံစွာပေးဝေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နမ့်ပင ရေအားလျှပ်စစ်စီမံကိန်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသခံများအနေဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတန်းပညာ၊ အတတ်ပညာများ တတ်မြောက်သည့် ပညာတတ် လူသားအရင်းအမြစ်များ လိုအပ်သဖြင့် ဒေသအလိုက် မွေးထုတ်ပေးကြရန်လိုကြောင်း၊ မိမိတို့ဒေသတိုးတက်ရေးအတွက် အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် နိုင်ငံတော်မှ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် လိုကြောင်း၊ မိမိတို့၏ဇာတိဒေသတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ဒေသအတွင်း စားသောက်ကုန်များနှင့် လူသုံးကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် တိရစ္ဆာန်အစားအစာများကိုလည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် အသုံးပြုနိုင်ကြောင်း၊ ဒေသတွင်းပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်းတိုးတက်စေရေး မျိုး၊ မြေ၊ ရေ၊ နည်းကို အခြေခံပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရိက္ခာနှင့်ပတ်သက်၍ ဒေသတွင်း၌ မီးဖိုချောင်သုံးသီးနှံများကိုလည်း စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ဟုမ္မလင်း)ကို ဖွင့်လှစ်ထားရှိသော်လည်း တက်ရောက်သူနည်းပါးပြီး မွေးမြူရေးပညာရပ်နှင့်ပတ်သက်၍ တက်ရောက်သူလုံးဝမရှိသဖြင့် မွေးမြူရေးပညာရပ်ပါ တက်ရောက်သင်ကြား၍ ဒေသ၏ မွေးမြူရေးကို အထောက်အကူပြုနိုင်သည့် လူသားအရင်းအမြစ်များ ရရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်စေရေး ဈေးကွက်သုတေသနပြုခြင်းများကိုလည်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးပညာရပ်များကို တတ်မြောက်သည့် ပညာတတ်လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ စီးပွားရေးပညာရပ်များကို တက္ကသိုလ်၊ ကောလိပ်များ၌ သင်ကြားပေးနေကြောင်း၊ မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နည်းပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေရေး Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အချို့နေရာများ၌ ဆူပူသောင်းကျန်းမှုများ ပေါများခြင်းသည် အသိပညာအားနည်းမှု၊ အတတ်ပညာ အားနည်းမှုများနှင့် ဆက်စပ်နေသည်ကို အခြေခံအားဖြင့် တွေ့ရှိနိုင်ကြောင်း၊ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်သော်လည်း အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို အကြောင်းပြပြီး မိမိတို့၏ကိုယ်ကျိုးအတွက် နိုင်ငံတော်၏သယံဇာတများ တရားမဝင်ထုတ်ယူခြင်းများကို အမြောက်အမြား ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လက်နက်အားကိုးဖြင့် ဒေသခံပြည်သူများထံမှ ငွေကြေးများ အတင်းအဓမ္မကောက်ခံပြီး ၎င်းတို့၏ကိုယ်ကျိုးအတွက် အသုံးပြုနေကြကြောင်း၊ ထိုသို့ လုပ်ဆောင်နေမှုများကြောင့် ဒေသခံပြည်သူများ ဝန်ထုပ်ဝန်ပိုးများဖြစ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းတိုက်ဖျက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် နိုင်ငံတော်၏အကျိုးအတွက် သက်ဆိုင်ရာအစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့် ပါတီအား နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် မိမိတို့အနေဖြင့် မဲစာရင်းများမှန်ကန်စွာ ရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

စာမျက်နှာ ၆ သို့ ❐

- ❖ ဟုမ္မလင်းဒေသအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက် ပိုမိုဆောင်ရွက်သွားရန် လိုအပ်ချက်ရှိနေဆဲဖြစ်၊ ဥပမာတစ်ခုအနေဖြင့် ပညာရေးပိုင်းနှင့် ပတ်သက်၍ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းနေဆဲဖြစ်ပြီး ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လို
- ❖ အတန်းပညာတတ်မြောက်မှုအားနည်းပါက အသိပညာပိုင်း၌လည်း အားနည်းချက်များ ရှိနေဦးမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရာ၌ နှောင့်နှေးနေဦးမည်၊ အသိပညာ အတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်များရှိမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကောင်အထည်ဖော်ဆောင်နိုင်မည်
- ❖ ဒေသနှင့်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိပညာ အတတ်ပညာ ကြွယ်ဝသည့်လူသားအရင်းအမြစ်များ များစွာရရှိခြင်းအားဖြင့် ဒေသနှင့် နိုင်ငံ၏အနာဂတ်ကောင်းကို ဖော်ဆောင်နိုင်မည်

❒ စာမျက်နှာ ၅ မှ

နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများကို အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များ မရှိစေရေး အားလုံးဝိုင်းဝန်းဆန့်ကျင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရန်လိုအပ်သဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဟုမ္မလင်းဒေသသို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်မှ တတ်နိုင်သမျှ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေကြောင်းပြေးဆွဲမှုများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟုမ္မလင်းဒေသတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ရှမ်းအမျိုးသားယဉ်ကျေးမှုအဖွဲ့၊ ချင်းအမျိုးသားယဉ်ကျေးမှုအဖွဲ့နှင့် နာဂအမျိုးသားယဉ်ကျေးမှုအဖွဲ့များမှ တိုင်းရင်းသားများက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ တိုင်းရင်းသားရိုးရာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

## နိုင်ငံတော်နှင့် ပြည်သူများ အားထားရသည့် တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပေးနေသော စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်ရုံး)နှင့် ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက အွန်လိုင်းမှတစ်ဆင့် တက်ရောက်ကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်(၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍ စတင်ဖွင့်လှစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "ထာဝရမြန်မာ့အသံ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က MRTV DVB-T2 နှင့် MRTV DTH စနစ်တို့တွင် ပုဂ္ဂလိကရုပ်သံလိုင်း Channel အသစ်သုံးခုဖြစ်သည့် Uni TV HD Channel၊ SNDSY Entertainment HD Channelနှင့် Channel 24 တို့ စတင်တိုးချဲ့ထုတ်လွှင့်မှုနှင့် ပုဂ္ဂလိက DTH ရုပ်သံဝန်ဆောင်မှု လုပ်ငန်းအသစ်ဖြစ်သည့် Softtech - DTH စနစ် စတင်ထုတ်လွှင့်မှုတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် "နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်မီဒီယာ" Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားသည့် နိုင်ငံတော် မီဒီယာဌာနတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူအတွက် တာဝန်ကျေပွန်ခဲ့ပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေပြုပြင်ပြောင်းလဲ လိုက်ပါဆောင်ရွက်နိုင်သည့် ဌာနတစ်ခုအဖြစ် နှစ်(၈၀) ပြည့်တိုင် သမိုင်းမော်ကွန်း မှတ်တိုင်ကို ဂုဏ်ယူဖွယ်ရာ စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နှုပျိုသစ်လွင်၍ သွက်လက်ထက်မြက်ပြီး ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော်မီဒီယာပုံစံအသစ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် မူလရည်မှန်းချက်(၃)ရပ် ဖြစ်သည့် သတင်း အချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန်တာဝန်များကို စဉ်ဆက်မပြတ် ထုတ်လွှင့်တင်ဆက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် မီဒီယာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား တပ်စခန်း နေရာများအထိ သွားရောက်ဖျော်ဖြေ၍ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်း၊ သဘာဝဘေးဒဏ်ကျရောက်ခဲ့သည့် ဒေသများနှင့် ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသည့် ပြည်သူများ အပန်းဖြေစိတ်ခွန်အားသစ်များရရှိစေရန် ဖျော်ဖြေပေးခြင်း အပါအဝင် နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ တိုးတက်အောင်မြင်စေရန် တက်ကြွစွာပါဝင်ဆောင်ရွက်နေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း။

> ❝တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် အချင်းချင်း ယုံကြည်လေးစားမှု၊ နားလည်မှုများ အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ကြရမည်ဖြစ်ပြီး မီဒီယာကဏ္ဍမှလည်း လုပ်ကြံဝါဒဖြန့်မှု၊ သတင်းတု သတင်းမှားများကို မီဒီယာစွမ်းအားဖြင့် ချေဖျက်ပြီး သတင်းမှန်ပြန်ကြားပေးနိုင်အောင် အလေးထား ဆောင်ရွက်ပေးကြရန် လိုအပ်❞

အလားတူ တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှ ကာလရှည်ကြာစွာ လက်တွဲနေထိုင်ခဲ့ကြသည့် မိမိတို့နိုင်ငံအပေါ် ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်မီဒီယာများက နည်းမျိုးစုံအသုံးပြု လုပ်ကြံဝါဒဖြန့်ကာ နိုင်ငံတော်ပြိုကွဲအောင် ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် အချင်းချင်း ယုံကြည်လေးစားမှု၊ နားလည်မှုများ အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ကြရမည် ဖြစ်ပြီး မီဒီယာကဏ္ဍမှလည်း လုပ်ကြံဝါဒဖြန့်မှု၊ သတင်းတု သတင်းမှားများကို မီဒီယာစွမ်းအားဖြင့်ချေဖျက်ပြီး သတင်းမှန် ပြန်ကြားပေးနိုင်အောင် အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ခေတ်အဆက်ဆက် MRTV ဝန်ထမ်းများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် မီဒီယာကဏ္ဍမှ တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ မျိုးဆက်သစ်ဝန်ထမ်းများ အနေဖြင့်လည်း သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ဆက်လက် ထမ်းရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ အားထားရသည့် တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပေးနေသော စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် နှစ်(၈၀)ပြည့်မှသည် ရွှေရာစုနှစ်ပေါင်းများစွာတိုင် အောင်မြင်မှုများစွာဖြင့် ရှင်သန်ရပ်တည်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် နယ်မြေအခြေအနေအရ ခေတ္တရပ်နားခဲ့ရသော ဒေသများရှိ ရုပ်သံလွှင့်စက်ရုံများ အမြန်ဆုံးပြန်လည် ထုတ်လွှင့်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် တွဲဖက်၍ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား မြန်မာနိုင်ငံမှ (၇)ရက်အတွင်း ပြန်လည်ထွက်ခွာရန် ခေါ်ယူညွှန်ကြားခဲ့ခြင်း

တီမောလက်စ်တေအစိုးရက ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူအပါအဝင် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို လေးစားလိုက်နာမည်ဖြစ်ကြောင်း စာဖြင့် လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း အကြိမ်ကြိမ်ကတိကဝတ်ပြုခဲ့ခြင်းကြောင့် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်ဖြစ်ရေး ကိစ္စအပေါ် မြန်မာနိုင်ငံက မိမိ၏မူလရပ်တည်ချက်ကို ပြန်လည်သုံးသပ်ခဲ့ပြီးနောက် အာဆီယံ၏ တူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်ခဲ့သည်။ သို့ရာတွင် တီမောလက်စ်တေအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးသည့် နောက်ပိုင်းကာလများတွင်လည်း ၎င်း၏ကတိကဝတ်များနှင့်တာဝန်များကို လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရသည်။

တီမောလက်စ်တေသမ္မတသည် မြန်မာတပ်မတော်အရာရှိကြီးအချို့အပေါ် တရားစွဲဆိုသည့် ချင်းလူ့အခွင့်အရေးအဖွဲ့၏ ကိုယ်စားလှယ်ဆိုသူများကို ၁၄-၁-၂၀၂၆ ရက်တွင် လက်ခံတွေ့ဆုံခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံအကြီးအကဲတစ်ဦးက အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ဆန့်ကျင်နေသည့် တရားမဝင်အဖွဲ့အစည်းတစ်ခုနှင့် ထိတွေ့ဆက်ဆံခဲ့ခြင်းသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့်အပြင် အဆိုပါအပြုအမူသည် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တို့တွင် ဖော်ပြပါရှိသည့် အခြေခံမူများကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား ၁၆-၁-၂၀၂၆ ရက်တွင် ဆင့်ခေါ်၍ အဆိုပါအပြုအမူကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသိပေးပြီး တီမောလက်စ်တေအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံ ပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာရန်နှင့် တီမောလက်စ်တေ၏ အပြုသဘောမဆောင်သည့် အပြုအမူအပေါ် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပြန်လည်ပေးပို့ပေးရန် တောင်းဆိုခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အခြေအနေကို နီးကပ်စွာ ဆက်လက်လေ့လာစောင့်ကြည့်၍ မြန်မာနိုင်ငံအပေါ် ထားရှိသည့် တီမောလက်စ်တေ၏ သဘောထားရပ်တည်ချက် ပြောင်းလဲခြင်းမရှိပါက ပိုမိုပြင်းထန်သည့် အစီအမံများကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် သတိထောက်လွှာတစ်စောင်ကိုလည်း တီမောလက်စ်တေသံရုံး ယာယီတာဝန်ခံနှင့်တွေ့ဆုံစဉ် ပေးအပ်ခဲ့သည်။ ဆက်လက်၍ အာဆီယံ၏ အခြေခံမူများနှင့် အလေ့အထများကို ဖောက်ဖျက်သည့် တီမောလက်စ်တေ၏အပြုအမူများကို ပြင်းပြင်းထန်ထန်ပြစ်တင်ရှုတ်ချသည့် သတင်းထုတ်ပြန်ချက်ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၁၈-၁-၂၀၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်သည် တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် ၂၉-၁-၂၀၂၆ ရက်တွင် တွေ့ဆုံစဉ် တီမောလက်စ်တေ၏အပြုအမူကို ပြစ်တင်ရှုတ်ချသည့် မြန်မာအစိုးရ၏ ရပ်တည်ချက်သဘောထားကို ထပ်မံအသိပေးခဲ့ပြီး တီမောလက်စ်တေအစိုးရအနေဖြင့် ၎င်း၏ကတိကဝတ်များနှင့် အာဆီယံပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုယိုယွင်းသွားစေနိုင်သည့် အရေးကိစ္စများအား ရှောင်ရှားနိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပေးပို့ရန် ထပ်မံတောင်းဆိုခဲ့ရာ ဝန်ကြီးက ဖြေရှင်းချက်ကို တစ်ပတ်အတွင်းပေးပို့မည်ဟု ကတိပြုခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တီမောလက်စ်တေဘက်မှ ပေးပို့လာမည့် ဖြေရှင်းချက်ကို စောင့်ဆိုင်းနေသည့်ကာလအတွင်း တီမောလက်စ်တေအစိုးရသည် ချင်းလူ့အခွင့်အရေးအဖွဲ့၏ တရားစွဲဆိုမှုကို လက်ခံ၍ အမှုကိုလေ့လာကြည့်ရှုရန် ဝါရင့်ရှေ့နေတစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း ဖော်ပြပါရှိသည့်သတင်းများကို စိတ်ပျက်ဖွယ်ရာ တွေ့ရှိရသည်။ တရားစွဲဆိုမှုကို လက်ခံသည့် အလားတူဖြစ်စဉ်မျိုး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ယခင်ကမရှိခဲ့ဖူးသဖြင့် ဤဖြစ်စဉ်သည် ယခင်ကမရှိခဲ့ဖူးသည့်အစဉ်အလာနှင့် အပြုသဘောမဆောင်သည့်ဘက်မှ အဓိပ္ပာယ်ကောက်ယူမှုများကို ဖြစ်ပေါ်စေခဲ့သည့်အပြင် မြန်မာပြည်သူများ၏ နာကြည်းခံပြင်းမှုများကိုလည်း ပိုမိုမြင့်တက်စေခဲ့သဖြင့် နောက်ဆုံးတွင် အကျိုးဆက်အဖြစ် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ လက်ရှိနှစ်နိုင်ငံဆက်ဆံရေးအပေါ် မလိုလားအပ်သည့် တန်ပြန်ဆိုးကျိုးများ သက်ရောက်စေခဲ့သည်။

ယခင်ကလည်း အကြိမ်ကြိမ်ထောက်ပြပြောဆိုခဲ့သည့်နည်းတူ တီမောလက်စ်တေသမ္မတ၏ အပြုသဘောမဆောင်သည့် ပြုမူဆောင်ရွက်ချက်များနှင့် ချဉ်းကပ်မှုပုံစံများသည် အာဆီယံပဋိညာဉ်ပါ အခြေခံမူများ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်၊ အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်မဟုတ်သည့် အခြားနိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုတို့ကို ခြိမ်းခြောက်ရေးအတွက် မိမိ၏ပိုင်နက်နယ်မြေကို အသုံးပြုခွင့်ပြုခြင်းမှ ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည့် ပဋိညာဉ် အပိုဒ် ၂၊ အပိုဒ်ခွဲ ၂ (က)၊ (င) နှင့် (ဋ) ပါ အချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရတို့အကြား ဆက်ဆံရေးကောင်းမွန်မှုရှိသော်လည်း တီမောလက်စ်တေသမ္မတအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မကြာခဏဝင်ရောက်စွက်ဖက်နေသည့်အတွက်ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ရန်ကုန်မြို့ရှိ တီမောလက်စ်တေသံရုံး ယာယီတာဝန်ခံ မစ္စတာ အဲလီစီယို ဒို ရိုဆားရီရို ဒီ ဆော်ဆာ အား ၁၃-၂-၂၀၂၆ ရက်တွင် ဆင့်ခေါ်၍ သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း (၁၉၆၁) အပိုဒ် ၉ နှင့်အညီ ၂၀-၂-၂၀၂၆ ရက်မတိုင်မီ မြန်မာနိုင်ငံမှ အပြီးအပိုင်ထွက်ခွာရန် ၎င်းအား ညွှန်ကြားခဲ့ပြီး အကယ်၍ တီမောလက်စ်တေအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် ၎င်း၏ ရပ်တည်ချက်သဘောထားများ ပြောင်းလဲခြင်းမရှိသေးပါက ပိုမိုပြင်းထန်သည့် အစီအမံများ ထပ်မံချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံများအကြား တန်းတူရည်တူရှိရေး၊ အပြန်အလှန်လေးစားရေး၊ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ အချုပ်အခြာအာဏာလေးစားရေးနှင့် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ပါအခြေခံမူများကို လေးစားလိုက်နာရေး စသည့် မူဝါဒများအပေါ်တွင်အခြေပြု၍ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းထားရှိရန် ဆက်လက်ကတိကဝတ်ပြုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် ပြည်နယ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း စက်မှုလုပ်ငန်းများ စစ်ဆေးခဲ့မှု၊ စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်မှု၊ လျှပ်စစ်၊ ဘွိုင်လာ စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လျှပ်စစ်၊ ဘွိုင်လာများ စတင်အသုံးပြုခဲ့မှု၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ စတင်ပေါ်ပေါက်လာမှုနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ထိန်းကျောင်းခဲ့သည်ကို သုတေသနပြုလုပ်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ သုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များကို မြို့နေပြည်သူများအတွက် လိုအပ်သော စားသောက်ကုန်၊ အသုံးအဆောင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန်



ရည်ရွယ် တည်ထောင်ထားခြင်းဖြစ်၍ ရည်မှန်းချက်ပြည့်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ MSME လုပ်ငန်း အရေအတွက်များကို စာရင်းကောက်ယူပြီး ဖွံ့ဖြိုးတိုးတက်မှု ရှိ၊ မရှိ စောင့်ကြည့်လေ့လာသုံးသပ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မှန်ကန်သည့် ဆုံးဖြတ်ချက်များချမှတ်၍ ထိရောက်သည့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်ရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်နိုင်ရေးအတွက် စစ်ဆေးကြပ်မတ်ခြင်းလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် လေ့လာသင်ယူကြရမည် ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေးဦးပြုစုခြင်း အခြေခံသင်တန်း(၃/၂၀၂၆) ဖွင့်လှစ်သင်ကြား

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ဦးစီးမှုဖြင့် ရေးဦးပြုစုခြင်း အခြေခံသင်တန်း(၃/၂၀၂၆)ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ရက်အထိ ချမ်းမြသာစည်မြို့နယ်၊ ၅၈(ဘီ)လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီရုံးရှိ အမှတ်(၃)သင်တန်းခန်းမတွင် ဖွင့်လှစ်သင်ကြားပို့ချရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဥပဒေ၊ နည်းဥပဒေနှင့် လူငယ်ကြက်ခြေနီမူဝါဒများကို ဆွေးနွေးပို့ချသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်က ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် ရေးဦးပြုစုခြင်းသဘောတရား ဘာသာရပ်တို့ကို ပို့ချသည်။

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှ နည်းပြများက ရေးဦးပြုစုခြင်းဆိုင်ရာ ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး မြို့နယ်များမှ ကြက်ခြေနီသင်တန်းသား၊ သင်တန်းသူ ၄၅ ဦး တက် ရောက်ကြကြောင်း သိရသည်။

(ဝ၄၅)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဖေဖော်ဝါရီ ၁၅**

တိုင်းရင်းဆေးသိပ္ပံ၏ တိုးတက်ကောင်းမွန်လာခဲ့သည့် အောင်မြင်မှုများကို အားပေးဂုဏ်ပြုရန်နှင့် အသိအမှတ်ပြုရန်၊ တိုင်းရင်းဆေးသိပ္ပံမှတစ်ဆင့် တိုင်းရင်းဆေးတက္ကသိုလ်အဖြစ် တိုင်းရင်းဆေးပညာကို မျိုးဆက်သစ်များသို့ ထိန်းသိမ်းမြှင့်တင်လက်ဆင့်ကမ်းပေးရန်ရည်ရွယ်၍ တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးသိပ္ပံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ တိုင်းရင်းဆေးသိပ္ပံတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကျောင်းအုပ်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင် ဆရာကြီးများ၊ တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီးနှင့် ခုတင်(၁၀၀)ဆံ့သင်ကြားရေး တိုင်းရင်းဆေးရုံအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုသဘင်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အရည်အချင်းပြည့်ဝသည့် တိုင်းရင်းဆေးဆရာများ မွေးထုတ်ပေးရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန် ရှေးဟောင်းတိုင်းရင်းဆေးပညာအမွေအနှစ်များကို စနစ်တကျပြန်လည်ဖော်ထုတ်ပြီး တိုင်းရင်းဆေးပညာအဆင့်အတန်းကို ခေတ်နှင့်အညီ တိုးတက်မြင့်မားရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် တိုင်းရင်းဆေးသိပ္ပံအား ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ပြည်သူလူထု၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းရင်းဆေးပညာနှင့် ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းရင်းဆေးရုံ၊ စာကြည့်တိုက်၊ ဆေးပစ္စည်းပြတိုက်၊ သရုပ်ပြပရဆေးဥယျာဉ်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံတို့ကိုလည်း အတူတွဲဖက် ဖွင့်လှစ်ခဲ့သည့်အတွက် ရောဂါရှာဖွေရေး၊ ကုသရေး၊ သင်ကြားရေးနှင့် ဆေးဝါးဖော်စပ်ရေး အတတ်ပညာတို့ကို ကျွမ်းကျင်စွာတတ်မြောက်သည့် တိုင်းရင်းဆေးဆရာ၊ တိုင်းရင်းဆေးသမားတော်များ မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးရုံ(မန္တလေး)တွင်လည်း အထွေထွေရောဂါကုသရေးဌာနအပြင် အထူးပြုဘာသာရပ်ဆိုင်ရာ ကုသရေးဌာနများပါ ဖွင့်လှစ်ကုသပေးနေသည်ကိုလည်း သိရှိရပါကြောင်း၊ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးနေပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းရင်းဆေးသိပ္ပံ၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကျောင်းအုပ်ကြီးနှင့် ဆေးရုံအုပ်ကြီးများက ဂုဏ်ပြုအမှတ်တရစကားများ၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်က ရွှေရတုသဘင်ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ကျေးဇူးတင်စကားများကို ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ်ပစ္စည်းများပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ကလည်းကောင်း ပေးအပ်ခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းဆေးသိပ္ပံ၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံတို့ရှိ ကျောင်းအုပ်ကြီးများနှင့် ဆေးရုံအုပ်ကြီးများ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အလှူရှင်များထံသို့ အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက နှစ်(၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ်ကိတ်အား ပျော်ရွှင်စွာ စုပေါင်းလှီး၍ ဝေငှသုံးဆောင်ခဲ့ကြသည်။







အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ခြင်း၊ တိုင်းရင်းဆေးသိပ္ပံသမိုင်းနှင့် တိုင်းရင်းဆေးရုံသမိုင်းတို့နှင့်ပတ်သက်သော မှတ်တမ်းပြခန်းများ၊ မြန်မာ့ရိုးရာ မုန့်ပဲသရေစာများနှင့် စတုဒိသာကျွေးမွေးဧည့်ခံခြင်းများ စသည့် အမှတ်တရနှင့် ပျော်ရွှင်ဖွယ်ရာအစီအစဉ်များကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာဖွင့်လှစ်နိုင်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် မန္တလေး-ပြင်ဦးလွင်လမ်းအဆင်း မိုင်တိုင် (၂၃/၃)မှ ဗဟိုမီးသတ်သင်တန်းကျောင်းအထိ လမ်းအူကြောင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး





**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော)ခေတ်မီဈေးသစ်ကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးသို့ ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သုမင်္ဂလာ(ညံ့တော)ခေတ်မီဈေးသစ်ကြီးအပေါ်ထပ်ရှိ မင်္ဂလာခန်းမတွင် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ရှိ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် ကဏ္ဍများအလိုက် လုပ်ငန်းများကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာအုပ်စု မန္တလေး-




ပြင်ဦးလွင်လမ်းအဆင်း မိုင်တိုင်(၂၃/၃)မှ ဗဟိုမီးသတ်သင်တန်းကျောင်းအထိ ၃ မိုင် အရှည်အထိ မြေသားလမ်းအကျယ်ပေ(၁၀၀)အတွင်း ကတ္တရာလမ်း(၂၄)ပေအကျယ်ခင်းရန်အတွက် လမ်းအူကြောင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း-စာမျက်နှာ ၈






ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

❖ စာမျက်နှာ ၂၄ မှ

အနိုင်ကျင့် နှိပ်စက်ကာ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် ဒေသအတွင်း ဆက်သွယ်ရေး လမ်းကြောင်းများအားဖြတ်တောက် ပိတ်ဆို့ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ထို့ကြောင့် တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုး၊ ပိတ်ဆို့ထားသည့် မြို့ရွာများနှင့် ဆက်သွယ်ရေး လမ်းကြောင်းများအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်နိုင်ရေး "ရန်နိုင်မင်း" စစ်ဆင်ရေးအမည်ဖြင့် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဒီးမော့ဆိုမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဒီးမော့ဆိုမြို့မှ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ဖားဆောင်းမြို့အား ယာယီစိုးမိုးလျက် ဖားဆောင်းမြို့နယ်အတွင်း အဖျက်အမှောင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါဒေသတစ်ခုလုံးအား အလုံးစုံ ထိန်းချုပ်နိုင်ရေးအတွက် အဆုံးအဖြတ်တိုက်ပွဲအဖြစ် နယ်မြေခံ တပ်ရင်း ဌာနချုပ်များအား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နှင့် ၃၀ ရက်တွင်လည်းကောင်း၊ ဇူလိုင်လ ၅ ရက်နှင့် ၇ ရက်တွင် လည်းကောင်း၊ စုစုပေါင်း တိုက်ပွဲကြီးလေးကြိမ်ဖြင့် အင်အားအလုံးအရင်းဖြင့် ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သော်လည်း အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအနေဖြင့် မိမိတပ် ရန်သူ့လက်သို့ ကျရောက်မှုမရှိစေရေးအတွက် လျှော့ခက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် ရှုပ်ရှုပ်ချုံချုံ ပြန်လည် ခုခံတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် အဆိုပါတပ်ရင်းဌာနချုပ်အား တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်း မရှိဘဲ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ရပြီး ဖားဆောင်းမြို့ကိုသာ အဝေးမှ လက်နက်ကြီးဖြင့် ပစ်ခတ်၍ ယာယီစိုးမိုးထားခဲ့ပြီး အဓိက အမာခံအဖွဲ့များက တပ်မတော် စစ်ကူစစ်ကြောင်း အဓိကလာမည့် နေရာများ၌ အဆင့်ဆင့်ပိတ်ဆို့ ခြင်းဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်တွင် တိုက်ပွဲကြီး/ငယ် ရှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၆ လောင်း၊ လက်နက်မျိုးစုံ ၁၁ လက်တို့ကိုသိမ်းဆည်းရမိခဲ့သည်။ တပ်မတော် စစ်ကြောင်းများ အနေဖြင့် **စာမျက်နှာ ၁၁ သို့** ❖




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်ထိန်းချုပ်စဉ်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိမှု။





အကြမ်းဖက်သောင်းကျန်းသူများ၏ ရုပ်အလောင်းများ မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထူးချောင်းတံတား မှတ်တမ်းဓာတ်ပုံ။

❖ စာမျက်နှာ ၁၀ မှ

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစ၍ ဘောလခဲ-ထူးချောင်း-ဖားဆောင်း ဆက်သွယ်ရေး လမ်းကြောင်း၏ အနောက်ဘက်ခြမ်းမှ စတင်ပြီး အဆင့်ဆင့်ခြေကုပ်ယူ၍ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် ထူးချောင်းတံတား နေရာတစ်ဝိုက်အား နိုဝင်ဘာ ၂၇ ရက်တွင် ဦးစွာထိန်းချုပ်နိုင်ခဲ့သည်။ ဆက်လက်၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို စစ်နည်းဗျူဟာမြောက် စစ်ကြောင်းများခွဲ၍ တစ်ဆင့်ပြီးတစ်ဆင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ အမာခံကျေးရွာကြီးများဖြစ်သည့် နမ့်ကစ်ကျေးရွာနှင့် ပါပုကျေးရွာတို့အား ခက်ခက်ခဲခဲ တိုက်ခိုက်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီးမှ ဖားဆောင်းမြို့သို့ ဆက်လက်ရှင်းလင်းချီတက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် ယနေ့တွင် ဖားဆောင်းမြို့အား တပ်မတော်စစ်ကြောင်းများက အပြီးတိုင်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ၃၁ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ လက်နက်မျိုးစုံ ၁၇ လက်၊ အကြမ်းဖက်သမားရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရပြီး အချို့ ထိခိုက်/ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။





အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထူးချောင်းတံတား မှတ်တမ်းဓာတ်ပုံ။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖားဆောင်းမြို့အား ယာယီစိုးမိုးထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ/ ဆေးခန်းများနှင့် လူနေအိမ်များကို အကာအကွယ်ယူ၍ ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော် စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ၊ လူနေ / အိမ် အဆောက်အအုံများ အကြားနှင့် အများပြည်သူ သွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုးမြှင့်ဆောင်ရွက်လျက်ရှိ**

ယခုကဲ့သို့ တပ်မတော် စစ်ကြောင်းများက ဖားဆောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် လွိုင်ကော်-ဒီးမော့ဆို-ဖရူဆို-ဘောလခဲ-ဖားဆောင်း ဆက်သွယ်ရေး လမ်းမကြီးအား မကြာမီအချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းမကြီးအား အမြန်ဆုံး ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





အကြမ်းဖက်သောင်းကျန်းသူများ၏ ရုပ်အလောင်းများ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထူးချောင်းတံတား မှတ်တမ်းဓာတ်ပုံ။

# စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်



**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား စာကြည့်တိုက်ပညာကို တတ်ကျွမ်းနားလည်ပြီး အရည်အသွေးမြင့်မားသော စာကြည့်တိုက်မှူးကောင်းများ ဖြစ်လာစေရန်၊ စာကြည့်တိုက်အင်္ဂါရပ်နှင့်အညီ စနစ်တကျ ဖြစ်စေရေးအတွက် အခြေခံ စာကြည့်တိုက်ပညာသင်တန်းကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး စာကြည့်တိုက် အဓိပ္ပာယ်၊ စာကြည့်တိုက်အမျိုးအစားများ၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာငှားလုပ်ငန်းများအကြောင်း၊ မျိုးတူစုပြုခြင်း၊ ရည်ညွှန်းစာအုပ်အမျိုးအစားများ၊ စာကြည့်တိုက် စည်းမျဉ်းစည်းကမ်းများနှင့် စာကြည့်တိုက်မှူး၏ အရည်အချင်းများအား သင်ကြားပို့ချပေးခဲ့ကာ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က DLMS စာရင်းရေးသွင်းခြင်းနှင့်ပတ်သက်၍ ဗဟုသုတရစေရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိုလ်သနိုးမြေ)**

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အူဒီးနိစ် | ၁ | - | ၂ | ဆက်ဆူအိုလို |
| ပါးမား | ၂ | - | ၁ | ပီရိုနာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၁ | - | ၀ | ဟိုင်ဒန်ဟိမ်း |
| လိုက်ပဇစ် | ၂ | - | ၂ | ဝုဖ်ဘတ် |

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၁၅**

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ချမ်းမြသာစည်မြို့နယ်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၇ နာရီက မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော် ဦးဆောင်၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်းအတွင်းမှ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လူနာဆောင်များနှင့် ဧည့်သည်နားနေခန်းများရှိ အများသုံးနေရာများမှ အမှိုက်များ ကောက်ယူပြီး စနစ်တကျ စွန့်ပစ်ခြင်း၊ ရေမြောင်းများနှင့် ရေစီးရေလာလမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရန် တူးဖော်ရှင်းလင်းခြင်း၊ ခြင်နှင့် အခြားပိုးမွှားများ ပေါက်ဖွားနိုင်သည့် ရေဝပ်သောနေရာများကို ဖျက်ဆီးခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ဇော်ဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အလင်းသစ်**



# မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်း (တာချီလိတ်ရုံးခွဲ) ဖွင့်ပွဲကျင်းပ

**တာချီလိတ် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်း(တာချီလိတ်ရုံးခွဲ)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ဆန်ဆိုင်း(ခ) ရပ်ကွက်၊ ရှမ်းရိုးမ ကုန်တိုက်ဟောင်းရှေ့ရှိ အဆိုပါအသင်းရုံး နေရာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်း(သံအမတ်ကြီး-အငြိမ်းစား)၊ ဒုဥက္ကဋ္ဌ ဦးဝင်းမောင် (စစ်သံမှူး-အငြိမ်းစား)၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဖံ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝင်ချုပ် ဦးမင်းကျော်လင်း၊ ထိုင်းနိုင်ငံ၊ ချင်းရိုင်ခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန ဒုတိယခရိုင်မှူး Mrs, Pasonpon၊ ရှမ်းအရှေ့ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ အဖွဲ့ဝင် ဦးမင်းညို၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်း (တာချီလိတ်ရုံးခွဲ)ဥက္ကဋ္ဌ ဦးဘိုလေး၊ မြို့မိ၊ မြို့ဖ ဦးဇော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ဂုဏ်ပြု နှုတ်ခွန်းဆက်စကား ပြောကြားပြီး တာချီလိတ် မြို့မိ၊ မြို့ဖ ဦးဇော်မြင့် (Shwe Min Phyo Enterprise Co., Ltd.)က ကျေးဇူးတင်စကားပြောကြားကာ တာဝန်ရှိသူများက အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်၊ အသင်းဝင်မှတ်တမ်းလွှာများနှင့် ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။



အဆိုပါ မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်း(တာချီလိတ်ရုံးခွဲ)ကို နှစ်နိုင်ငံလူမှုစီးပွားလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူလူထုအရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

ကျော်ဇေယျာလင်း(ပြန်/ဆက်)



## ရွှေစင်၊ ရွှေပြားများ ကပ်လှူရန် ငွေများလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးလျောင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မဟာမုနိဘုရားကြီး ပျက်စီးမှုများအား ရှေးမူမပျက် ပြုပြင်လျက်ရှိသည်။ မဟာမုနိဘုရားကြီး ရွှေကျောင်းတော်ကြီး အပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်၊ ရွှေပြားများ အသစ်ကပ်လှူပူဇော်မည်ဖြစ်သဖြင့် ရွှေချိန် ၁ ကျပ်သား ၈ ပဲသားရှိ ၉ လက်မပတ်လည် ရွှေစင်၊ ရွှေပြားတစ်ချပ်လျှင် ငွေကျပ်သိန်း ၉၀ နှုန်းဖြင့် အလှူရှင် ကမ္ပည်းထိုး၍ လှူဒါန်းနိုင်ရာ ဖေဖော်ဝါရီ ၁၄ ရက်က မန္တလေးမြို့နေ ဦးညီညီအောင်+ဒေါ်စိုးစိုးသိဏ်း မိသားစုက ငွေကျပ်သိန်း ၉၀ ကိုလည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး သော်တာထွေး + ဒေါ်မေသင်းခိုင် မိသားစုက ငွေကျပ်သိန်း ၉၀ ကိုလည်းကောင်း၊ ၄က်မြတ်နားတော်တွင် ချိတ်ဆွဲရန် ရန်ကုန်မြို့နေ ဦးအောင်စိုးသာ+သီရိသုမဓမ္မသိင်္ဂီ ဒေါ်ခိုင်ပြည့်စုကြိုင် မိသားစုက မိုးကုတ်သဘာဝ Spinel 36.07 Crti စိန်နှင့် ရွှေ ၁ ကျပ်သားတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာများပေးအပ်ခဲ့သည်။

မဟာမုနိဘုရားကြီး ကျောင်းတော်ကြီး၊ ပြတိုက်များ၊ စောင်းတန်းနှင့် မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၄၀၄၄၄၇၅ နှင့် ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)

## ချောက်မြို့နယ်၌ မြို့နယ်အဆင့် နွေရာသီသင်တန်းများ ဖွင့်လှစ်

**ချောက် ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ မြို့နယ်အဆင့် နွေရာသီသင်တန်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက အ·ထ·က(၁) ကျောင်းမြရိပ်ညိုခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးမန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်က မြို့နယ်အဆင့် နွေရာသီသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းက နွေရာသီသင်တန်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ ပေးအပ်ခဲ့သည်။

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်ရန် ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ Fitness Dance၊ အင်္ဂလိပ်စာ၊ ပန်းချီနှင့် ကင်းထောက်သင်တန်းများကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာကျောင်းများအလိုက် သင်တန်းနည်းပြဆရာ၊ ဆရာမများက နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းများတွင် ချောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ၅၅၅၇ ဦး၊ ကျောင်းသူ ၆၇၁၃ ဦး စုစုပေါင်း ၁၂၂၇၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

၀-၀-၀-၀-၀



၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသ ဆောင်ရွက်မှုကို တွေ့ရစဉ်။

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာ လေးဦးအား ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ရိုးတွင်းခြင်ဆီ အစားထိုးကုသဌာန(Bone marrow Transplant Centre)သို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း၌ ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာလူနာ လေးဦးအား ခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာဆောင်ရွက်ခဲ့သည်။

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြု ဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာလေးဦးမှာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မှ ၆၃ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှ ၄၆ နှစ်အရွယ်အမျိုးသားတစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင် မြို့နယ်မှ ၄၇ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်မှ ၆၂ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး ဆောင်ရွက်ခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်လှစ်ခဲ့ရာ သွေးရောဂါအထူးကုဌာန၌ ရိုးတွင်းခြင်ဆီအစားထိုးကုသဌာနကို ပိုမိုပြည့်စုံကောင်းမွန်သော ဌာနအဖြစ် တိုးချဲ့ထည့်သွင်း တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ရိုးတွင်းခြင်ဆီ အစားထိုးကုသမှု ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်အတွင်းလူနာ ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်အထိ လူနာလေးဦး စုစုပေါင်းလူနာ ၂၉ ဦးကို ဆောင်ရွက်နိုင်ခဲ့သည်။

ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်းကို ပြည်ပနိုင်ငံများတွင် ပြုလုပ်ပါက ကျန်းမာရေးကုန်ကျစရိတ်များစွာကုန်ကျနိုင်ပြီး ပြည်သူများကျန်းမာရေးကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်း၌ ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံကလေးများနေ့ အကြိုလှုပ်ရှားမှု ပျော်ပွဲ၊ ရှင်ပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းမှ မြန်မာနိုင်ငံ ကလေးများနေ့အကြိုလှုပ်ရှားမှု ပျော်ပွဲ၊ ရှင်ပွဲနှင့် ပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။



(ဝဲပုံ)

ထို့နောက် ကိုးပင်မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်လေးများက အင်္ကျီဝတ်၊ ပူဖောင်းညှပ်၊ ပိန်ပေါင်သယ်၊ လွယ်အိတ်လွယ်၊ ကလေးများနေ့ပြည်ထောင်စုပျော်ပွဲ၊ လက်တွဲညီညာနေ၊ ဂုဏ်ပြုကြစို့၊ ပန်းချီရေးဆွဲနည်းပြိုင်ပွဲများကို ကျင်းပခဲ့ကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# စာပေဘဏ်တိုက်

လူကို စိတ်က အုပ်ချုပ်၏။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ပါ၍ ဗဟုသုတရှိအောင် စာအုပ်၊ စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့။

**(ပီမိုးနင်း)**

'စာပေပညာရတနာ' ဟူသည့်အတိုင်း လူသားတို့၏အသိဉာဏ်ဦးဆောင်လာသော ယနေ့ခေတ်အချိန်အခါတွင် စာဖတ်ခြင်းအလေ့အထသည် အရေးပါ အရာရောက်လာပြီဖြစ်သည်။ စာဖတ်ခြင်းနှင့် ဆက်နွယ်တွဲဖက်၍ စာကြည့်တိုက်တို့၏ အခန်းကဏ္ဍသည်လည်း တစ်ဆက်တည်း လိုအပ်လာပါသည်။

စာကြည့်တိုက်ဆိုသည်မှာ စာပေပညာ အနှစ်များကို ရှာဖွေတတ်လျှင် ရွှေ၊ ငွေ၊ ရတနာပစ္စည်းများထက် ပိုမိုကြွယ်ဝသော အဖိုးအနဂ္ဃ ထိုက်တန်သော ရတနာများသိုလှောင်ထားသော ဘဏ်တိုက်တစ်ခုဖြစ်ပါသည်။

ယနေ့ခေတ်သည် နည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခေတ်နှင့်အညီ လျှောက်လှမ်းနိုင်ရန် အသိပညာဗဟုသုတများ အထိုက်အလျောက် ပြည့်ဝရန် လိုအပ်ပါသည်။ ယနေ့အချိန်၌ ပညာအရည်အချင်း ပြည့်ဝပြီး လုပ်ငန်းအတွေ့အကြုံ မည်မျှပင် ကျွမ်းကျင်ပိုင်နိုင်ပါစေ တိုးတက်လာသော ခေတ်နှင့်အညီ လိုက်ပါစီးမျောနိုင်ရန် အသိပညာ ဗဟုသုတများကို မျက်ခြည်မပြတ်လေ့လာ၊ ဆည်းပူး၊ သင်ယူနေကြရပါမည်။ သို့မှသာ ဉာဏ်ရည်၊ ဉာဏ်သွေး ထက်မြက်ပြီး စိတ်စွမ်းအားများ မြင့်မားကာ ကိုယ်ကျင့်လည်ရာ ဘဝမှာ ကြီးပွား၊ တိုးတက်အောင်မြင်နိုင်ပါမည်။

နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစာမျက်နှာများသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သည်မှာ ပညာဘဏ်တိုက်စာကြည့်တိုက်ပင် ဖြစ်ပါသည်။

စာကြည့်တိုက်ဟူသော ဝေါဟာရနှင့်ပတ်သက်၍ 'စာ' ဟူသော စကားသည် စာအုပ်၊ စာပေအား ရည်ညွှန်းပါသည်။ 'ကြည့်' ဟူသော စကားသည် ကြည့်ရှုမှတ်သားရာနေရာဟု ရည်ရွယ်ပါသည်။ 'တိုက်' ဟူသော စကားသည် အစုအဝေးဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် 'စာကြည့်တိုက်' ဟူသည် 'စာအုပ်၊ စာပေများ ကြည့်ရှုမှတ်သားစေရန် အစုအဝေးရှိရာနေရာ' ဟု အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် 'စာအုပ်နှင့် အများပြည်သူ ဆက်သွယ်ရေးဌာန' 'အသိပညာရှင်များ မွေးထုတ်ပေးရာဌာန' 'နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ပြုရာဌာန' 'စာအုပ်၊ စာပေယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်သည့်ဌာန' ဟူ၍လည်းကောင်း အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာဘုရင်မင်းများလက်ထက်ကပင် 'စာကြည့်တိုက်' များ စတင်ထွန်းကားလာခဲ့သည်။ သထုံပြည်၌ ပိဋကတ်သုံးပုံအစုံကို ရွှေစာရံဘုရားတံတိုင်းအတွင်း ပိဋကတ္တယစေတီဟု သမုတ်၍ ဉမင်၌ ထားရှိကြောင်းကို သိရ၏။ ထို့နောက် ပုဂံခေတ်တွင် အနော်ရထာမင်း 'စာကြည့်တိုက်' ဟု ခေါ်သော ဘုံငါးဆင့်ရှိသည့် ပိဋကတ်အုတ်တိုက်ရှိခဲ့သည်။ ထိုပိဋကတ်မှအစပြု၍ ဘုန်းတော်ကြီးကျောင်းများသို့ ပျံ့နှံ့ခဲ့သည်မှာ ယနေ့ခေတ်ထိတိုင် ဖြစ်သည်။ ကုန်းဘောင်မင်းဆက် ဘိုးတော်ဘုရားလက်ထက်တွင် စီမံပုံမှာ စာကြည့်တိုက်များကို အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့စေအောင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အားပေးခဲ့သည့် ဆေးကျမ်း၊ နက္ခတ်၊ ကျမ်း၊ ဗေဒင်ကျမ်းများမှစ၍ လောကီကျမ်းများကို သက္ကတဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း ပိဋကတ်တော်အစုံကို ပေထက်အက္ခရာတင်၍ စောင်ရေ(၅၀)ခန့်ကို အမြို့မြို့အနယ်နယ်သို့ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့လေသည်။

ရှေးအခါက တိုင်းပြည်၏ ကလေးသူငယ်များကို အခြေခံစာသင်ကြားပေးရာဌာနဖြစ်သည့် ဘုန်းတော်ကြီးကျောင်းတိုက်တိုင်းတွင် စာကြည့်တိုက်များရှိသည်။ ထိုစာကြည့်တိုက်များ၌ ပေစာ၊ ပုရပိုက်စာအုပ်များ စသည်တို့ကို စာတိုက်စု ခေါ်သော ဇာတ်စုံသေတ္တာများတွင် ထည့်၍ ထားလေသည်။ ၎င်းတို့ကို ဘုန်းတော်ကြီးများ၏ ခွင့်ပြုချက်အရ အခမဲ့ ထုတ်ယူကြည့်ရှုနိုင်ပါသည်။

၁၈၈၃ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၄၅ )ခုနှစ်၌ မြန်မာနိုင်ငံမင်းကြီး ဆာချားဗားနတ်က ရန်ကုန်မြို့တွင် ပထမဦးဆုံး ပြည်သူ့စာကြည့်တိုက်ကို တည်ထောင်ခဲ့သည်။ တည်ထောင်သည့် ပုဂ္ဂိုလ်ကို အစွဲပြု၍ ထိုစာကြည့်တိုက်ကို 'ဗားနတ်ပိဋကတ်တိုက်' ဟု ခေါ်တွင်ခဲ့ကြသည်။

၁၉၂၃ ခုနှစ်ခန့်တွင် ဗားနတ်ပိဋကတ်တိုက်ကို အစိုးရက ဗားနတ်ပိဋကတ်တိုက် အုပ်ချုပ်ရေးအဖွဲ့သို့ လွှဲအပ်ခဲ့သည်။ ၁၉၁၀ ပြည့်နှစ်ခန့်တွင် မြို့နယ်အနှံ့အပြား၌ စာကြည့်တိုက်များ ပေါ်ပေါက်လာခဲ့သည်။ တိုင်းသူပြည်သားများသည် လွတ်လပ်ရေးဝံသာနုလုပ်ငန်းများတွင် ပါဝင်လာကြသည်။ ဝိုင်အမ်ဘီအေ(ခေါ်)ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ သုစရိတယုဝအသင်း အစရှိသည်တို့ ပေါ်ပေါက်လာ၏။ ထိုအသင်းများနှင့်အတူ စာကြည့်တိုက်များလည်း ပြန့်ပွားလာသည်။ ၁၉၂၅ ခုနှစ်ခန့်မှစ၍ စာကြည့်တိုက်လုပ်ငန်းသည် အင်အားတိုးပွားလာခဲ့၏။ ထိုအခါက မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းက စာကြည့်တိုက်များ ထွန်းကားရေးကို အားထုတ်ခဲ့ကြသည်။ ထိုသို့ဖြင့် စာကြည့်တိုက်ပေါင်းများစွာ ပေါ်ပေါက်လာခဲ့ပါသည်ဟု မြန်မာ့စွယ်စုံကျမ်းစာအုပ်မှ ဖတ်ရှုလေ့လာမှတ်သား သိရှိရပါသည်။

မြန်မာလူမျိုးတို့၏ အမျိုးသားရေး အနှစ်သာရများဖြစ်သည့် မြန်မာ့စာပေကျမ်းဂန်များသာမက ရတုကဗျာ၊ ပျို့အလင်္ကာမော်ကွန်းများ၊ နီတိကျမ်းများ၊ အဆုံးအမဩဝါဒများ စသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု၊ စာပေ၊ အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန် မျိုးဆက်သစ်လူငယ်များက လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။

ဟိုရှေးရှေးတုန်းကတည်းက ဘိုး၊ဘေး၊ဘီ၊ဘင်တို့သည် လွတ်လပ်သော၊ အမျိုးကို စောင့်ရှောက်တတ်သော၊ ရဲဝံ့တည်ကြည်သော အမျိုးသားရေးစိတ်ဓာတ်အမွေကို မျိုးဆက်သစ်အဆင့်ဆင့်သို့ တာဝန်ကျေပွန်စွာ လက်ဆင့်ကမ်းခဲ့ကြပါသည်။

ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် အတွေးအခေါ် အမြော်အမြင် ကြည်လင်ထက်မြက်သော အသိဉာဏ်ပညာတို့ဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

နေနှင့်လတို့သည် ကမ္ဘာလောကကြီးအား ဇဟိဒ္ဓအလင်းရောင်ပေးသကဲ့သို့ စာအုပ်၊ စာပေသည် ကမ္ဘာကြီးကို အဇ္ဈတ္တအလင်းရောင်ပေးလျက်ရှိသည်။ စာအုပ်၊ စာပေနှင့် ပတ်သက်၍ -

**ငြီးငွေ့နေလျှင် ပျော်ရွှင်စေ၏**
**ဗဟုသုတ ပေးဝေ၏**
**စိတ်အားငယ်က တက်ကြွစေ၏**
**မာန်လွန်ကဲလျှင် သတိယှဉ်၏**
**တရားဓမ္မ လမ်းမှန်ပြ၏**
**လောကီ လောကုတ် အဆီအနှစ်**
**အသစ် အဟောင်း စုပေါင်းပညာ**
**ဝေဖြာရောင်လင်း အမှောင်ခွင်း၏။**

ဟု စာပေပညာရှင်ကြီးများက ရေးသားဖွဲ့ဆိုခဲ့ကြပါသည်။

စာအုပ်၊ စာပေများသည် သုတ၊ ရသ ပါဝင်သကဲ့သို့ ဖတ်ရှုမှတ်သားပြီး မိမိ၏အသိဉာဏ်ဖြင့် အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုး၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ပါသည်။ စိတ်အာဟာရ၊ နှလုံးသားအာဟာရများလည်း ပြည့်ဝစေပါသည်။ စာအုပ်၊ စာပေများကို လက်တွေ့ကျကျ အကျိုးရှိအောင် အသုံးချတတ်မှသာ ဘဝမှာ တိုးတက်အောင်မြင်နိုင်ပါသည်။

စာရေးသူသည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဟသ်ာတိုက်နယ်တွင် ဖွင့်လှစ်ထားသော 'အားမာန်' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှာ စေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူးတာဝန်ကို ထမ်းဆောင်နေသူ ဖြစ်ပါသည်။ 'အားမာန်' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ခဲ့သည့် ၂၀၀၆ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ် ယနေ့ချိန်အထိတိုင် စာကြည့်တိုက်မှူးတာဝန်ကို ဆက်လက်ထမ်းဆောင်နေဆဲ ဖြစ်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ် နှစ်များစွာက စာရေးသူသည် 'အားမာန်' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ရန်ကုန်မြို့ မဂ္ဂဇင်းတိုက်များမှ စာပေထုတ်ဝေသူများနှင့် အယ်ဒီတာကြီးများထံမှ စာအုပ်၊ စာစောင်များကို တစ်နှစ်တစ်ခါ သွားရောက်ကာ ဆရာ နော်ဝင်းထွန်း၊ ဆရာ မောင်မိုးဦး(ခ)မောင်မြင့်အောင်တို့နှင့်အတူ အလှူခံခဲ့ပါသည်။ ရန်ကုန်မြို့ စာပေခရီးစဉ်မှာ မဂ္ဂဇင်းတိုက်များမှ စာမူခများထုတ်ခြင်း၊ စာမူအသစ်များပေးခြင်းများ ပြုလုပ်ပြီး အားမာန်စာကြည့်တိုက်အတွက် စာအုပ်များ အလှူခံခဲ့ပါသည်။

စာပေချစ်မြတ်နိုးစိတ်နှင့် စေတနာသဒ္ဒါတရား ထက်သန်ကြသော ဆရာ ကောင်းသန့်မှ သုတ ရသ စာအုပ်မျိုးစုံ၊ ဆရာ ဦးဟိန်းဇေမှ ရုပ်ရှင်အမြုတေမဂ္ဂဇင်းများ၊ ဆရာ ဦးရဲဇော်မှ ရုပ်ရှင်အောင်လံမဂ္ဂဇင်းများ၊ ဆရာ နေစိုးသော်မှ ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်းများ၊ ဆရာ နန္ဒာမိုးကြယ်မှ ရောင်ပြန်မဂ္ဂဇင်းများ၊ ဆရာ ကာတွန်းရွှေဝင်းမှ မြို့တော်မဂ္ဂဇင်းများကို စာပေဒါန ပေးလှူခဲ့ကြပါသည်။

ထို့ကြောင့် ယနေ့ လူငယ်လေးများ အနာဂတ်ကာလ ဘဝလှပရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်အောင်မြင်မှုမျိုးကို ထာဝရပိုင်ဆိုင်ဖို့ စာပေဘဏ်တိုက် စာကြည့်တိုက်ကို သွားကြပါစို့။

မိုးထက်ကို(အမရပူရ)

## ကူမဲ-ကင်းတား(၂၁)မိုင် ကားလမ်းဘေး သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြစ်သား ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက ကူမဲမြို့ ကူမဲ-ကင်းတား (၂၁) မိုင် ကားလမ်းဘေး၌ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ကူမဲ-ကင်းတား (၂၁)မိုင် ကားလမ်းဘေးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ကျေးရွာအုပ်စုနေ ပြည်သူများက ကူမဲ-ကင်းတား(၂၁)မိုင် ကားလမ်းဘေးရှိ ချုံနွယ်များ၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ) ဝါဝါမြင့်(မြစ်သား)**




## အဲလက်စ်ဂျီမီနက်ဇ်ကို ဘုန်းမောက်အသင်း အပြီးသတ်ခေါ်ယူ

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

ဘုန်းမောက်အသင်းသည် အေစီမီလန်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် နောက်ခံကစားသမား အဲလက်စ်ဂျီမီနက်ဇ်ကို အပြီးသတ် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား အဲလက်စ်ဂျီမီနက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် အေစီမီလန်အသင်းမှ ဘုန်းမောက်အသင်းသို့ အငှားဖြင့် လာရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၃ ပွဲ ကစားကာ တစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ အဲလက်စ်ဂျီမီနက်ဇ်က 'ကျွန်တော် ဘုန်းမောက်အသင်းကို အပြီးသတ်ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါပဲ'ဟု ပြောသည်။ **(အောက်ပုံ) (NGB)**





## 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန် နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 ATX Open တင်းနစ်ပြိုင်ပွဲ လာမည့် ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 ATX Open တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၂ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2026 ATX Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ် များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ATX Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အိမ်ရှင် အမေရိကန်တင်းနစ်မယ် Jessica Pegula ဖြစ်သည်။**(NGB)**

## အီဂေါ်သီယာကို ဘရန့်ဖို့ဒ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

ဘရန့်ဖို့ဒ် အသင်းသည် အသင်းတိုက်စစ်မှူး အီဂေါ်သီယာဂိုအား ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး ၁၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အီဂေါ်သီယာဂိုက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## နီကိုရှလော့ဘက်ခ် ဒေါ့မွန်အသင်းတွင် ဆက်ရှိသွားမည်

**မြူးနစ် ဖေဖော်ဝါရီ ၁၅**

နောက်ခံကစားသမား နီကိုရှလော့တာဘက်ခ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ဒေါ့မွန်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား နီကိုရှလော့တာဘက်ခ်သည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၅၀ကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဒေါ့မွန်အသင်း၏ထုတ်ပြန်ချက်တွင် 'နီကိုရှလော့တာဘက်ခ် အသင်းမှာသာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်'ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## ဗစ်တာပါရဲရားကို နည်းပြသစ်အဖြစ် နော်တင်ဟမ်ဖောရက်စ်အသင်းခန့်အပ်

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဗစ်တာပါရဲရားကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဖလာမင်ဂို၊ ပေါ်တို၊ ဖီနာဘာချီ၊ အိုလံပီယာကို့စ် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၇)နှစ်အရွယ်ရှိ နည်းပြ ဗစ်တာပါရဲရားက 'ကျွန်တော်အခုလို နော်တင်ဟမ်ဖောရက်စ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန် ကြိုးစားပေးသွားမှာပါ'ဟု ပြောသည်။



**(အပေါ်ပုံ)**

**(NGB)**

**ဘောလုံးသတင်း အတိုအထွာများ**

* အင်္ဂလန်လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအနေဖြင့် လာမည့် ဇွန်လအတွင်း ကော်စတာရီကာ၊ နယူးဇီလန်အသင်းတို့နှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

* ဆော်ဒီကလပ်အယ်လ်အစ်တီဟတ် အသင်းသည် လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာအား ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။(NGB)

## လော်ရန်ဇိုပယ်လီဂရီနီကို ခေါ်ယူရန် နယူးကာဆယ်အသင်း စိတ်ဝင်စား

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

နယူးကာဆယ်အသင်းသည် ရိုးမားအသင်းကွင်းလယ်ကစားသမား လော်ရန်ဇိုပယ်လီဂရီနီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ရိုးမားအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၃၈ပွဲကစားပြီး ၅၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လော်ရန်ဇိုပယ်လီဂရီနီကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ **(ယာပုံ)**

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် ရိုးမားအသင်းထံမှ ကွင်းလယ်ကစားသမား လော်ရန်ဇိုပယ်လီဂရီနီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## လူကာဆူဆစ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဖေဖော်ဝါရီ ၁၅**

ဆိုစီဒက်အသင်း ကွင်းလယ်ကစားသမား လူကာဆူဆစ်သည် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဆိုစီဒက်အသင်းက အယ်လ်ချီအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လူကာဆူဆစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဆိုစီဒက်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ လူကာဆူဆစ်သည် ဆိုစီဒက်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(ဝဲပုံ)**

**(NGB)**

**အင်္ဂလိပ်အက်ဖ်အေဖလား စတုတ္ထအဆင့် ဘောလုံးပြိုင်ပွဲ** နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၁၇-၂-၂၀၂၆<br>နံနက် ၀၂:၀၀နာရီ | မက္ကလက်စ်ဖီးဒ် - ဘရန့်ဖို့ဒ် |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၅)** နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၂-၂၀၂၆<br>နံနက် ၀၂:၁၅နာရီ | (၁၂) ကယ်ဂလီယာရီ - လက်ချီ (၁၇)<br>(L,W,W,W,L) (L,L,D,L,W) | ကယ်ဂလီယာရီ ၄-၁ လက်ချီ<br>လက်ချီ ၁-၀ ကယ်ဂလီယာရီ |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄)** နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၂-၂၀၂၆<br>နံနက် ၀၂:၃၀နာရီ | (၁၄) ဂျီရိုနာ - ဘာစီလိုနာ (၁)<br>(W,W,D,L,D) (W,W,W,W,L) | ဂျီရိုနာ ၁-၄ ဘာစီလိုနာ<br>ဘာစီလိုနာ ၄-၁ ဂျီရိုနာ |

**အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂)** နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၂-၂၀၂၆<br>နံနက် ၀၂:၃၀နာရီ | (၂) ကိုဗင်ထရီ - မစ်ဒယ်ဘရော့ (၁)<br>(W,W,L,L,D) (W,W,W,W,W) | ကိုဗင်ထရီ ၂-၀ မစ်ဒယ်ဘရော့<br>မစ်ဒယ်ဘရော့ ၀-၃ ကိုဗင်ထရီ |

# ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့် မဟာရွှေသိမ်တော် တန်ခိုးကြီးဘုရား၌ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဘုရားဖူးပြည်သူများဖြင့် စည်ကား

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့် မဟာရွှေသိမ်တော်တန်ခိုးကြီး ဘုရား၌ အစိုးရရုံးဌာနများ၊အခြေခံပညာကျောင်းများ ၆ ရက် ရက်ရှည်ပိတ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားကြီးသည် ကျောက်ဆည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးသင်တောင်းကျေးရွာအနီးတွင် တည်ရှိကာ နေ့စဉ်ဘုရားဖူးပြည်သူများဖြင့် အမြဲစည်ကားလျက်ရှိပြီး ရုံးပိတ်ရက်များ၊နွေကြီး၊ ရက်ကြီးများ၌ ဘုရားဖူးလာသည့်ပြည်သူများဖြင့် ပို၍စည်ကားကြောင်း၊ ဆုတောင်းပြည့်မဟာရွှေသိမ်တော် ဘုရားကြီး၏ ဂေါပကအဖွဲ့မှလည်း ဘုရားဖူးပြည်သူများ အဆင်ပြေစေရေးအတွက် ယာဉ်ရပ်နားကွင်းများ စနစ်တကျ ဆောင်ရွက်ပေးထားပြီး ဘုရားဖူးပြည်သူများ၏ လိုအပ်သည့်အကူအညီများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လုံခြုံရေးဝန်ထမ်းများ ထားရှိပေးထားသည်။



ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားသည် သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ရှင်အရဟံရဟန္တာကိုယ်တိုင် သိမ်သမုတ်ပြီး အနော်ရထာမင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးရှေးဟောင်းဘုရား တစ်ဆူဖြစ်ကြောင်းနှင့် သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းပါကတောင်းသည့်ဆုများ ပြည့်ဝသဖြင့် ဘုရားဖူးများ တစ်နေ့တခြား စည်ကားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၈၅)**

